PARKVIEW
HEALTH LABORATORIES
lab.parkview.com

# ၂၄ နာရီကြာ ဆီးစုဆောင်းပုံ အဆင့်ဆင့်

၎င်းစစ်ဆေးမှု၏ တိကျမှန်ကန်မှုသည် ဆီးနမူနာ စုဆောင်းရာ၌ တိကျမှန်ကန်မှုပေါ် မူတည်သည်။

၁။ ၁၂နာရီကြာ ဆီးစုဆောင်းမှုစတင်ချိန်တွင် ဆီးသွားပါ။ ထို့နောက် ၎င်းဆီးနမူနာကို စွန့်ပစ်လိုက်ပါ။ **ထိုသို့ပြုလုပ်နေသည့်အချိန်ကို မှတ်သားထားပါ။**

၂။ ၎င်းအချိန်မှစ၍ ဆီးသွားသည့်အခါတိုင်း သန့်စင်သောခွက် တစ်ခုအတွင်းသို့ ဆီးစွန့်ပြီး ၎င်းတို့ကိုခွက်အကြီးထဲသို့ ပြောင်းထည့်ခြင်း အားဖြင့်ဆီးအားလုံးကို စုဆောင်းပါ။ **၎င်းခွက်ကြီးထဲသို့ တိုက်ရိုက်ဆီးမစွန့်ရပါ။**

၃။ ၁၂နာရီကြာ ဆီးစုဆောင်းမှုအချိန် မပြီးဆုံးခင် နောက်ဆုံးဆီးသွားရန် ကြိုးစားပါ။ ၎င်းဆီးကိုလည်း ခွက်ထဲသို့ ပေါင်းထည့်ပါ။

၄။ ဓါတ်ခွဲခန်းသို့ တတ်နိုင်သမျှအစောဆုံးလာပို့ပါ။

ဆီးစုဆောင်းနေစဉ် ကာလတစ်လျှောက်၌ **ဆီးများကို အေးခဲအောင်ထားပြီး** ၎င်းတို့ကို ဓါတ်ခွဲခန်းသို့ပို့ရန် အဆင့်သင့်မဖြစ်မခြင်း ထိုအတိုင်းပဲ ရှိနေပါစေ။

**အကယ်၍ ဆီးစုဆောင်းမှု မစတင်ခင် ခွက်တွင်အမှတ်အသားတံဆိပ် မတပ်ရသေးပါက**
လူနာ၏တရားဝင် နာမည်အပြည့်စုံ၊ အရပ်အမြင့်၊ ကိုယ်အလေးအချိန်၊ ဓာတ်ခွဲခန်း စစ်ဆေးမှု(များ) အမည်၊ စုဆောင်းသည့် နေ့စွဲ နှင့် အချိန်တို့ပါသည့် ကတ်ပြားကို ခွက်တွင်ကျေးဇူးပြု၍ ကပ်ပေးပါ။

ပက်လက်အနေအထားဖြင့်ဆီးစွန့်၍ စုဆောင်းခြင်းနှင့်ထိုင်လျက်သို့မဟုတ် မတ်တပ်အနေအားဖြင့် ဆီးစွန့်၍ စုဆောင်းခြင်း စသဖြင့်တောင်းဆိုမှုများ ရှိလာပါက ကျေးဇူးပြု၍ အောက်ဖော်ပြပါ အဆင့်များကို ထပ်ပေါင်း လုပ်ဆောင်ပေးပါ။

၁။ သင့်၏ဆရာဝန်က ပက်လက်အနေအထားဖြင့်ဆီးသွားစဉ် သို့မဟုတ် မတ်တပ် / ထိုင်လျက်အနေအထားဖြင့် ဆီးသွားစဉ် ဆီးစုဆောင်းပါဟု တောင်းဆိုလာနိုင်သည်။

၂။ အကယ်၍၎င်း ၂၄ နာရီကြာ ဆီးစုဆောင်းမှု ကိုလဲလျောင်းနေစဉ် သို့မဟုတ် မတ်တပ် / ထိုင်နေစဉ်တွင် စုဆောင်းပါက ထိုအကြောင်းကို ခွက်ပေါ်တွင် ကျေးဇူးပြု၍ ရေးပေးလိုက်ပါ။